# မြန်မာ့အရေးအတွက် အာဆီယံ၏ နောက်ဆုံးအခွင့်အရေး

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်။

*ဤထုတ်ပြန်ချက်သည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် လက်ရှိ ပြည်သူ့လွှတ်တော်အမတ် Dato' Sri Saifuddin Abdullah၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Khun Kasit Piromya၊ ဖိလစ်ပိုင်နိုင်ငံ တရားရေးဝန်ကြီးဌာန ဝန်ကြီးဟောင်း၊ အထက်လွှတ်တော်အမတ်ဟောင်းနှင့် လက်ရှိ ပြည်သူ့လွှတ်တော်အမတ် Leila M. de Lima တို့အပြင် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) ကို တည်ထောင်သူများဖြစ်ကြသည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကျွမ်းကျင်သူဟောင်း သုံးဦးတို့က ပူးတွဲထုတ်ပြန်သည့် ကြေညာချက် ဖြစ်ပါသည်။*

အာဆီယံသည် ယခုလအတွင်း ကျင်းပမည့် ၄၇ ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အခွင့်ကောင်းယူကာ စစ်ကောင်စီ၏ အတုအယောင်ရွေးကောက်ပွဲ အစီအစဉ်ကို ပြတ်ပြတ်သားသားပယ်ချပြီး မြန်မာ့အရေးနှင့်ပတ်သက်၍ မဟာဗျူဟာကို အလုံးစုံ ပြန်လည်ချမှတ်ရမည်ဖြစ်သည်။

အောက်တိုဘာလ၊ ၉ ရက်နေ့က မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အပြီးတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး Dato' Seri Utama Haji Mohamad bin Haji Hasan က ယုံကြည်စိတ်ချရသော မြန်မာ့ရွေးကောက်ပွဲတစ်ခုဖြစ်မြောက်ရေးအတွက် ခိုင်မာသည့် အနိမ့်ဆုံး စံသတ်မှတ်ချက်များကို ချမှတ်ခဲ့သည်။ ၎င်းစံသတ်မှတ်ချက်မှာ ရွေးကောက်ပွဲကို "လွတ်လပ်၊ မျှတ၊ ပွင့်လင်းမြင်သာပြီး ယုံကြည်စိတ်ချရသောလုပ်ငန်းစဉ်များ၏ အခြေခံမူများနှင့်အညီ" ကျင်းပရမည်ဖြစ်ပြီး "နိုင်ငံရေးပါတီများနှင့် သက်ဆိုင်သူအားလုံးအလုံးစုံ ပါဝင်မှုမှတဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပသင့်သည်" ဟူ၍ရှင်းလင်းပြောကြားခဲ့သည်။

ဤအခြေအနေများပေါ်အခြေခံ၍ပင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ရန် စီစဉ်ထားသည့် စစ်ကောင်စီ၏ရွေးကောက်ပွဲသည် အောင်မြင်နိုင်မည်မဟုတ်ပေ။ အာဆီယံအနေဖြင့် ၎င်းကို ပြတ်ပြတ်သားသား ပယ်ချရမည်။ ထိုသို့မလုပ်ဆောင်ပါက မြန်မာပြည်သူများအပေါ် ရက်ရက်စက်စက် သစ္စာဖောက်ရာရောက်မည်ဖြစ်ပြီး ဒေသဝန်းကျင်ဆိုင်ရာ အကြမ်းဖက်အာဏာရှင်စနစ် ပျံ့နှံ့စေရန် မဆင်မခြင် အားပေးအားမြှောက်ပြုရာ ရောက်ပေမည်။

အောက်တိုဘာလ၊ ၁၀ ရက်နေ့က စစ်ကောင်စီသည် နိုင်ငံခြားရေးဝန်ကြီး Hasan က "မြန်မာနိုင်ငံသို့ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ စေလွှတ်ရန်ကတိပြုခဲ့သည်" ဟူ၍ အရှက်သိက္ခာကင်းမဲ့စွာ ဖြောင်ကျကျ လိမ်ညာပြောဆိုခဲ့သည်။ ဤလိမ်ညာပြောဆိုမှုသည် မမှန်ကန်သော တရားဝင်မှုတစ်ရပ်ကို ပုံဖော်ရန် စစ်ကောင်စီ၏ ဆက်လက်လုပ်ဆောင်လျက်ရှိသည့် ဝါဒဖြန့်ချိရေးလှုပ်ရှားမှုကို ဖော်ထုတ်လိုက်ခြင်းဖြစ်ပြီး၊ ဤလှုပ်ရှားမှုသည် အာဆီယံ၏ ယုံကြည်ကိုးစားနိုင်မှုကို တဖန် ကြီးစွာ ထိခိုက်နစ်နာစေပါသည်။

လေးနှစ်ကျော်ကာလအတွင်း အာဆီယံသည် မြန်မာပြည်သူများကို လုံးဝလျစ်လျူရှုခဲ့ကြောင်း ဝန်ခံရပေမည်။ အာဆီယံသည် မပြတ်မသားဖြစ်နေခြင်း၊ ဟန်ဆောင်ဖုံးကွယ်ခြင်းတို့ဖြင့်သာ အချိန်ဖြုန်းခဲ့ပြီး၊ စတင်ကတည်းက အသုံးမဝင်တော့သည့် ဘုံသဘောတူညီချက် ၅ ရပ် (5PC) ကို အသက်သွင်းရန် အချည်းနှီး ကြိုးစားနေခဲ့သည်။ အခွင့်အရေးရတိုင်း စစ်ကောင်စီက အာဆီယံအပေါ် လှည့်စားခြင်း၊ အကွက်ကျော်ကြံခြင်း နှင့် အရှက်ရစေခြင်းတို့

ပြုလုပ်ခဲ့သည်။ သို့သော် အာဆီယံ၏ ကျရှုံးမှုမှတဆင့် တကယ်တမ်းဖြစ်ပေါ်စေသည့် ကပ်ဘေးမှာ လက်တွေ့ အကျိုးဆက်များပင် ဖြစ်သည်။ ဤအဖွဲ့သည် ထောင်နှင့်ချီသော အရပ်သားများ သတ်ဖြတ်ခံနေရသည်ကို လက်ပိုက်ကြည့်နေခဲ့သည်။ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို ဒေသပြင်ပအင်အားကြီးနိုင်ငံများထံ လက်လွှတ်ခဲ့ရသည်။ ၎င်း၏ မပြတ်သားမှုကြောင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ ကြီးထွားလာခဲ့ပြီး၊ အဖွဲ့ဝင်နိုင်ငံများအတွင်း ဖြစ်လာနိုင်သည့် အာဏာသိမ်းမှုများကိုလည်း လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်စေခဲ့သည်။

ပိုမိုရဲတင်းလာသောစစ်ကောင်စီသည် မည်သို့မျှ အပြစ်ပေးခံရမည်မဟုတ်ဟု ယုံကြည်ကာ ကလေးများအပါအဝင် အရပ်သားများကို ပစ်မှတ်ထားသတ်ဖြတ်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နေသည်။ ပြီးခဲ့သည့်အပတ်က စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်တွင် ဗုဒ္ဓဘာသာမီးထွန်းပွဲတော်ဖြစ်သည့် သီတင်းကျွတ်ပွဲတော်ကို ဆင်နွှဲရန် ဖယောင်းတိုင်မီးထွန်းညှိနေသော လူစုလူဝေးတစ်ခုကို စစ်ကောင်စီ၏ ပါရာမော်တာတစ်ခုက ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အောက်တိုဘာလ၊ ၆ ရက်နေ့ တိုက်ခိုက်မှုတွင် အနည်းဆုံး လူ ၂၆ ဦး သေဆုံးခဲ့ပြီး နောက်ထပ် ၄၀ ဦး ဒဏ်ရာရရှိခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး Hasan က စစ်ကောင်စီခေါင်းဆောင်နှင့် စစ်ရာဇဝတ်ကောင်အဖြစ် စွပ်စွဲခံထားရသူ မင်းအောင်လှိုင်နှင့် အောက်တိုဘာလ ၉ ရက်နေ့က နေပြည်တော်၌ တွေ့ဆုံနေချိန်တွင် စစ်ကောင်စီတပ်ဖွဲ့များက စစ်ကိုင်းတိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူများအတွက် ဆေးဝါးကုသမှုအကူအညီရရှိရန် ဒေသခံများ၏ အသည်းအသန်ကြိုးပမ်းမှုများကို ဟန့်တားနှောင့်ယှက်နေခဲ့သည်။ လွန်ခဲ့သည့်တစ်လကလည်း ရခိုင်ပြည်နယ်၊ သရက်တပင်ကျေးရွာရှိ အဆောင်ကျောင်းဝင်းတစ်ခုကို စစ်ကောင်စီက လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် သေဆုံးသူအများစုမှာ ကျောင်းသားများဖြစ်ပြီး၊ အနည်းဆုံး ၂၂ ဦး သေဆုံးကာ နောက်ထပ် ၂၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

**အတုအယောင်ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ စစ်ကောင်စီ၏ အကြမ်းဖက်မှုများ အထွတ်အထိပ်သို့ ရောက်ရှိနေချိန်တွင် အာဆီယံ၌ အရေးယူဆောင်ရွက်ရန် နောက်ဆုံးအခွင့်အရေး တစ်ကြိမ်သာ ကျန်ရှိတော့သည်။**

ပထမဦးစွာ၊ အာဆီယံအနေဖြင့် စစ်ကောင်စီ၏ အတုအယောင်ရွေးကောက်ပွဲကို ဆန့်ကျင်ကြောင်း၊ ၎င်းတွင် မည်သို့မျှ ပါဝင်ပတ်သက်မည်မဟုတ်ကြောင်းနှင့် ရလဒ်ကို ပယ်ချမည်ဖြစ်ကြောင်း လုံးဝရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြောကြားသင့်သည်။ စစ်မှန်ပြီး အားလုံးပါဝင်သော ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိကာ၊ တိုက်ပွဲများ အားလုံးရပ်တန့်ပြီး၊ နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်၍၊ တရားဝင်နိုင်ငံရေးပါတီများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်ပြီး၊ လွတ်လပ်သော နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဝင်ရောက်စောင့်ကြည့်ခွင့် အလုံးစုံရမှသာလျှင် မြန်မာနိုင်ငံလုံးအတိုင်းအတာ စစ်မှန်သော ရွေးကောက်ပွဲတစ်ခု ဖြစ်မြောက်နိုင်မည်ဖြစ်သည်။ ၎င်းအချက်များနှင့် ညီညွတ်မှသာ လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲတစ်ရပ် ဖြစ်မြောက်နိုင်သည်။

ဒုတိယအနေဖြင့်၊ အာဆီယံသည် စစ်ကောင်စီအပေါ် ပိုမိုတင်းကျပ်စွာ ကိုင်တွယ်ရမည်ဖြစ်သည်။ ဘုံသဘောတူညီချက် ငါးချက် (5PC) နှင့် အာဆီယံအပေါ် စစ်ကောင်စီ၏ မထီမဲ့မြင်ပြုမှုများကို အပြစ်ပေးခြင်းမရှိဘဲ ခွင့်ပြုထားခြင်းဖြင့် အာဆီယံသည် မိမိ၏ သြဇာအာဏာကို မိမိကိုယ်တိုင် လျော့ကျစေခဲ့သည်။ အာဆီယံသည် လက်ရှိတွင် စစ်ခေါင်းဆောင်များကိုသာ အဆင့်မြင့်အစည်းအဝေးများမှ ပိတ်ပင်ထားသော်လည်း၊ ယခုအခါ အာဆီယံနှင့်သက်ဆိုင်သော အဆင့်တိုင်းရှိ စစ်ကောင်စီကိုယ်စားလှယ်အားလုံးကိုပါ ထိုပိတ်ပင်မှုတွင် ထည့်သွင်းသင့်သည်။ ဤသည်မှာ

လိုက်နာမှုမရှိ ခေါင်းမာနေသော စစ်ကောင်စီကို တုံ့ပြန်ရန် အာဆီယံက လုပ်ဆောင်ရမည့် တိုးမြှင့်အရေးယူမှုများထဲမှ ပထမဆုံးခြေလှမ်း ဖြစ်သင့်သည်။

တတိယအနေဖြင့်၊ အာဆီယံသည် ယခုလအတွင်းကျင်းပမည့် ၄၇ ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို အခွင့်ကောင်းယူ၍ ပြည်သူလူထုက မျှော်မှန်းထားသည့်အတိုင်း ဒီမိုကရေစီနည်းကျ၊ တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သည့် ချဉ်းကပ်မှုဖြစ်သော ရှင်းလင်းပြတ်သားသည့် အဆုံးသတ်ရည်မှန်းချက်တစ်ခုပါဝင်သည့် မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာသစ်တစ်ရပ်ကို စတင်ဖော်ဆောင်ရမည်ဖြစ်သည်။ လက်ရှိ အာဆီယံဥက္ကဋ္ဌ မလေးရှားနိုင်ငံနှင့် အလှည့်ကျဥက္ကဋ္ဌဖြစ်လာမည့် ဖိလစ်ပိုင်နိုင်ငံတို့သည် အာဆီယံ အထူးကိုယ်စားလှယ် Tan Sri Othman Hashim ၏ ထောက်ခံပံ့ပိုးမှုဖြင့် အောက်ပါ အာဆီယံ၏ ဆောင်ရွက်ချက်များ ပါဝင်သည့် မူဝါဒတစ်ရပ်ကို ဦးဆောင်သင့်သည်-

- သံတမန်ရေးရာ ကြိုးပမ်းမှုများကို အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်သည်။ ပထမဦးစွာ၊ အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများအပါအဝင် တိုက်ခိုက်မှုအားလုံးကို ချက်ချင်းရပ်စဲရမည်။ ဒုတိယအနေဖြင့်၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းလွှတ်ပေးရမည်။ ထို့အပြင်၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကိုလည်း ရရှိရမည်။ ဤအပစ်အခတ်ရပ်စဲရေးကို အာဆီယံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထောက်ခံရမည်ဖြစ်ပြီး နိုင်ငံတကာ လေ့လာသူများက စောင့်ကြည့်ရမည်ဖြစ်သည်။

- အဓိကသက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရမည်။ ထို အဓိကသက်ဆိုင်သူများတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (EROs)၊ အတိုင်ပင်ခံကောင်စီများ၊ ဖက်ဒရယ်ယူနစ်များ၊ မြန်မာနိုင်ငံမှ ထွက်ခွာသွားရန် ဖိအားပေးခံခဲ့ရသူများအပါအဝင် လူနည်းစုအသိုင်းအဝိုင်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအပြင် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ အစရှိသည်တို့ပါဝင်သည်။ ဤသို့ ပူးပေါင်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း အကူအညီလိုအပ်နေသော အသိုင်းအဝိုင်းအားလုံးထံသို့ ရောက်ရှိနိုင်သည့် နည်းလမ်းအားလုံးကို အသုံးပြု၍ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားအကူအညီများကို အရေးတကြီး၊ ဘက်မလိုက်ဘဲ၊ အဟန့်အတားမရှိ ပေးပို့ထောက်ပံ့နိုင်ရေးကို ပံ့ပိုးရန်၊ အကူအညီများကို လက်နက်သဖွယ် အသုံးမချစေရေး သေချာခိုင်မာစေရန်၊ နှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများကို အားဖြည့်ရန်နှင့် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်းကို ဖြေရှင်းရန်အတွက် တိုးမြှင့်ထားသော ဘဏ္ဍာရေးအထောက်အပံ့များ ရရှိရန်ဖြစ်သည်။ လူသားချင်းစာနာမှုဆိုင်ရာ အေဂျင်စီများနှင့် ဆောင်ရွက်သူများအတွက် အပြည့်အဝနှင့် အဟန့်အတားမရှိ ဝင်ရောက်ခွင့်ကို ပေးရမည်။

- မကြာသေးမီကပြုလုပ်ခဲ့သော သက်ဆိုင်သူများနှင့် အစည်းအဝေးများကို ဖြည့်စွက်အားဖြည့်ရန်အတွက် တရားဝင်အာဆီယံပလက်ဖောင်းတစ်ခု ဖန်တီးသင့်သည်။ ဤပလက်ဖောင်း၏တာဝန်မှာ အထက်တွင်ဖော်ပြခဲ့သော အဓိကသက်ဆိုင်သူများအား ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ညှိနှိုင်းရေးဆွဲရာတွင် ကူညီရန်ဖြစ်သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထု၏ဆန္ဒ၊ အကျိုးစီးပွား နှင့်အညီဖြစ်ရမည်ဖြစ်ပြီး လူနည်းစုများနှင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ရသူများအပါအဝင် အားလုံးပါဝင်ရမည်။ အဓိကကျသောအချက်မှာ၊ မြန်မာ

စစ်တပ်ကို မည်သည့်ပုံစံဖြင့်မဆို ဒီမိုကရေစီနည်းကျ ရွေးကောက်ထားသော အရပ်သားအစိုးရ၏ လက်အောက်တွင် အမြဲတစေထားရှိရမည်ဖြစ်သည်။

- အာဆီယံသည် စစ်ကောင်စီကို တရားမဝင်အဖြစ် သတ်မှတ်ကာ စစ်ကောင်စီက အချို့အချက်များကို ဆက်လက်လုပ်ဆောင်ပါက အရေးယူမည့်ပြစ်ဒဏ်များကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်သွားရန်လည်း အတည်ပြုထားသင့်သည်။
  ထိုအချက်များမှာ - အာဆီယံ၏ဆုံးဖြတ်ချက်များကို လိုက်နာရန်ငြင်းပယ်ခြင်း၊ အရပ်သားများကို ဆက်လက်တိုက်ခိုက်ပြီး နိုင်ငံရေးအကျဉ်းသားများကို မလွှတ်ပေးခြင်း၊ နှင့် လူသားချင်းစာနာမှုအကူအညီများကို ပိတ်ပင်ခြယ်လှယ်ခြင်းတို့ ဖြစ်သည်။

- မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သောနိုင်ငံတကာရာဇဝတ်မှုများအတွက် တာဝန်ယူ/ခံမှုရှိစေရန် ပံ့ပိုးရမည်ဖြစ်ပြီး၊ တရားမျှတမှုရရှိရေးအတွက် နိုင်ငံတကာနှင့် ပြည်တွင်းတရားရုံးများ၊ အထူးခုံရုံးများ၊ နှင့် ကမ္ဘာ့နေရာတိုင်းတွင် တရားစီရင်ပိုင်ခွင့်အား ကျင့်သုံးသည့် တရားရုံးများအပါအဝင် တာဝန်ယူ/ခံမှုဆိုင်ရာ ယန္တရားအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ နိုင်ငံတကာရာဇဝတ်မှုများနှင့် ကြီးလေးသော မတရားပြုကျင့်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့် လုံးဝမရှိစေရ။ ပြစ်ဒဏ်မှကင်းလွတ်နေသည့် သံသရာကို အဆုံးသတ်ရမည်ဖြစ်သည်။

အာဆီယံ၏ မြန်မာ့အရေးနှင့် ပတ်သက်ဆက်နွယ်မှုတွင် ဆက်တိုက်လုပ်ဆောင်နိုင်စွမ်း ရှိစေရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Tan Sri Othman Hashim ၏ သက်တမ်းကိုလည်း အာဆီယံက တိုးမြှင့်သင့်သည်။

မြန်မာပြည်သူများမှာ မိမိတို့အား လုံးဝစွန့်ပစ်ထားသည်ဟု ခံစားနေကြရသည်။ အာဆီယံ၏ နှစ်ပေါင်းများစွာ ကျရှုံးမှုသည် မြန်မာနိုင်ငံသာမက အာဆီယံ၏ ဂုဏ်သိက္ခာကိုပါ ကြီးစွာထိခိုက်စေခဲ့သည်။ ဤထိခိုက်ပျက်စီးမှုများကို ပြန်လည်ကုစားရန် မျှော်လင့်ချက်တစ်စုံတစ်ရာ ရှိသေးလျှင်၊ ယခုချက်ချင်းပင် အရေးယူဆောင်ရွက်ရမည်ဖြစ်သည်။ သို့မဟုတ်ပါက အာဆီယံသည် မြန်မာပြည်သူများကို အဘယ့်သို့ မျက်နှာပြနိုင်အံ့နည်း။

Dato’ Sri Saifuddin Abdullah
Khun Kasit Piromya
Leila M. de Lima
Marzuki Darusman
Yanghee Lee
Chris Sidoti